ဝိန်းဆာကျေးရွာ

ဝိန်းဆာကျေးရွာအုပ်စု၊ သိန္နီမြို့နယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဝိန်းဆာကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သိန္နီမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇွန်လ၊ ၂၀၁၉

မာတိကာ

စကားချီး

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
နောက်ဆက်တွဲ (၂) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား
နောက်ဆက်တွဲ (၃) - ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ခုနှစ်မှ ၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင် ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇွန်လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပိန်းဆာကျေးရွာ
သိန္နီမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

ပိန်းဆာကျေးရွာသည် လားရှိုး-မူဆယ်ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး သိန္နီမြို့၏ တောင်ဘက်(ဖ)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် နမ့်ပါချောင်းနှင့် လယ်ကွင်းများ၊ အနောက်ဘက်တွင် ကြိုးဝိုင်းနှင့်တောင်ယာခင်းများ၊ တောင်ဘက်တွင် နောင်ဆိုင် ကျေးရွာနှင့် ရေပူစစ်ဆေးရေးဂိတ်၊ မြောက်ဘက်တွင် နတ်စင်နှင့် ပန်စုံကျေးရွာတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ပိန်းဆာကျေးရွာတွင်ရာသီဥတုတစ်နှစ်ပတ်လုံးအေးမြခြောက်သွေ့သောရာသီဥတုရှိပါသည်။အပူချိန်မှာအပူဆုံးလတွင်၃၅ဒီဂရီစင်တီဂရိတ်၊အအေးဆုံးလတွင်၈ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ရံဖန်ရံခါ၌ဖွဲနှံလ၊ဂူလှိုင်းလများတွင်မိုးများတတ်ပါသည်။

သဘာဝအရင်းအမြစ်များအနေဖြင့်ပိန်းဆာကျေးရွာအနီးတွင်လယ်ကွင်းများရှိပါသည်။မြေဆီခန်းငြေ့ြမောက်သောမြေအမျိုးအစားများဖြစ်သောကြောင့်ခါတ်မြေဩဇာထည့်သွင်းမှသာစိုက်ပျိုးရန်အဆင်ပြေနိုင်ပါသည်။ကျေးရွာအနီးတွင်နမ့်ပါချောင်းနှင့်စံလောင်းရေလွှဲဆည်ရှိပြီးလယ်ယာစိုက်ပျိုးရေးအတွက်အားထားပြုရသောအရင်းအမြစ်များဖြစ်ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်း ၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသား/သမီး၊ လူငယ်အဖွဲ့ဖွဲ့စည်းထားပြီး ကျေးရွာတွင် သာရေးနာရေး၊ လူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက် သောအလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပေးနေ သော ဝေါလ်ဗွီရှင် ပြင်ပအဖွဲ့အစည်းရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ နှစ်စဉ်စိုက်ပျိုးနိုင်ကြ သည်။ ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည် စပါး၊ပြောင်း၊ကြဲ၊ကြက်သွန်ဖြူ ဖြစ်ပါသည်။ ကျေးရွာ တွင် လယ်စိုက်ပျိုးမြေ(၁၁၄.၅၇)ဧကာ၊ ယာမြေ(၄၀၅)ဧကနှင့် တချို့သောစပါးစိုက်ပျိုးပြီးလယ်ကွက် များပေါ်တွင် ပြောင်း၊ကြက်သွန်ဖြူစိုက်ပျိုးကြပါသည်။ နှစ်စဉ်ကျေးရွာမှ စပါးတစ်ဧကအထွက်နှုန်း မှာအများဆုံး(၈)စောနှင့် အနည်းဆုံး(၄)စော ထွက်ရှိပါသည်။ စပါးကို ဂူလှိုင်၊ဩဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စု(၉၉%) သည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများဖြစ်ပြီး ကျန်ရှိသော(၁%)သည် တစ်နိုင်တစ်ပိုင်စီးပွားရေး များဖြစ်သည့် ဝပ်ရှော့၊ပန်းရံ၊လက်သမား၊ဈေးဆိုင်များဖွင့်လှစ်ပြီး အသက်မွေးဝမ်းကျောင်းပြုကြပါ သည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ပိန်းဆာကျေးရွာသည် လားရှိုး-မူဆယ် လမ်းမကြီးပေါ်တွင်ရှိသောကြောင့် လမ်းပန်းဆက် သွယ်ရေး ကောင်းမွန်လျက်ရှိပါသည်။ ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး လယ်ယာ ကုန်ထုတ်လမ်းအဖြစ် အသုံးပြုသည့် လယ်သွားတံတားသည် စနစ်တကျတည်ဆောက်ထားခြင်း မဟုတ်ဘဲ ယာယီသွားလာနိုင်ရန်အတွက်သာရှိသောကြောင့် တစ်နှစ်တစ်ခါ ပြုပြင်လျက်ရှိပါသည်။

ကျေးရွာအတွင်းရှိအိမ်ထောင်စု(၁၅၅)စုသည်အဝီစိတွင်းရေကိုအသုံးပြုရပြီးကျန်အိမ်ထောင်စု(၁၀)စု သည် စိမ့်စမ်းရေကိုသာ အသုံးပြုလျက်ရှိပါသည်။

ကျေးရွာတွင် မူလတန်းလွန်ကျောင်းသာရှိပြီး အထက်တန်းအဆင့် ပညာသင်ကြားနိုင်ရန် အတွက် ကျေးရွာနှင့်(၄)မိုင်ခန့်ကွာဝေးသော(အ.ထ.က-၂)ကျောင်း နှင့် (၂၇)မိုင်ခန့်ကွာဝေးသော လားရှိုး(အထက)သို့ သွားရောက်ပညာသင်ကြားကြပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှရရှိပါသည်။

လျှပ်စစ်မီးရရှိမှုအပိုင်းတွင် အိမ်ထောင်စု(၈၅)စုသည် မဟာဓါတ်အားလိုင်း အသုံးပြုကြပြီး ကျန်သောအိမ်ထောင်စု(၇၁)စုသည် ဆိုလာမီးကိုသာ အသုံးပြုကြပါသည်။ ဆက်သွယ်ရေးပိုင်းတွင် တယ်လီဖုန်းအသုံးပြုမှုများသောကြောင့် သတင်းကျယ်ပြန့်မှုအားကောင်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ အခြားချေးငွေအနေဖြင့် သမဝါယမအသင်းချေးငွေလည်းရှိပါသည်။ ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ဘဏ်နှင့် သမဝါယမချေးငွေ နှင့်အဆင်ပြေလျက်ရှိပါသည်။

(င) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ အများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်ဘွဲ့ရ သူများလည်းရှိပါသည်။ကျေးရွာတွင်လက်ရှိပညာသင်ကြားနေသည့်လူဦးရေမှာမူလတန်း(၁၄.၂၂%)၊အလယ် တန်း(၇.၂၂%)၊အထက်တန်း(၁.၇၈%)၊နှင့်တက္ကသိုလ်(၁.၇၈%)သာရှိပါသည်။ကျေးရွာတွင်အခြေခံပညာအ ထက်တန်းကျောင်း မရှိသောကြောင့် အထက်တန်းအဆင့်ပညာ သင်ကြားနိုင်ရန် ကျေးရွာနှင့် (၄)မိုင်ခန့်ကွာဝေးသော (အ.ထ.က-၂)ကျောင်းနှင့် (၂၇)မိုင်ခန့်ကွာဝေးသော လားရှိုး (အထက)ကျောင်းများသို့ သွားရောက်ပညာသင်ကြားကြပါသည်။ တစ်ချို့သောကျောင်းသားများ သည်ငွေကြေးအခက်အခဲကြောင့် အလယ်တန်းအဆင့်တွင် ကျောင်းထွက်ပြီး အသက်မွေးဝမ်း ကျောင်းပြုကြရပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသော ကြောင့်လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ၎င်းအတွက် ဖွံ့ဖြိုးရေးအစီ အစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိသလောက် နည်းပါးသည်။ သက်ကြီးပိုင်းတွင် အစားအသောက် မဆင်ခြင်မှုကြောင့် သွေးတိုးရောဂါ ဖြစ်ပွားတတ်ကြပါသည်။ စပါး၊ ပြောင်း၊ ကြံ၊ ကြက်သွန်ဖြူ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင် အထိုက်အလျောက်အဆင်ပြေခြင်း ၊ မိသားစုဝမ်းစာအတွက် ဝင်ငွေအသင့်အတင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ၊ ကလေးသူငယ်များ အာဟာရချို့တဲ့မှုမရှိကြပါ။ ကျေးရွာ အတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး သတ်မှတ်ရက်တွင် ကျန်းမာရေးကာကွယ်ဆေး တိုက်ကျွေးသောအစီအစဉ်များကို ကလေးသူငယ်များအတွက် ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း ၊ သီးထပ်စိုက်ပျိုးခြင်း ၊ ဓါတုဗေဒ ကွန်ပေါင်းဓါတ်မြေဩဇာများ အသုံးပြုခြင်း ၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးမှုများ ကြုံတွေ့နေရပါသည်။ စပါးစိုက်ခင်းများတွင် ပိုးသတ် ဆေးများ အများအပြား အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာ ဆောင်ရွက်ခြင်းတွင် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ သစ်တောခုတ်ထွင်ခြင်းကြောင့် သစ်ပင်များ နည်းပါးလျက်ရှိပါသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပါသည်။ ပိန်းဆာကျေးရွာတွင်(၅၂.၄၄%)သည် အမျိုးသားများဖြစ်ပြီး(၄၇.၅၆%) သည်အမျိုးသမီးများဖြစ်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနုတ် ခြင်း၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့်လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် အမျိုးသမီးများသည် အမျိုးသားများ နှင့်အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသားများသည် အမျိုးသမီးများ ထက်လုပ်အားခ ပိုမိရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီး များ၏ အခန်းကဏ္ဍနည်းပါးသေးကြောင်းတွေ့ရှိရပါသည်။ မူလတန်းကျောင်းပညာရေးမှတက္ကသိုလ် ပညာရေးထိ ကျား/မတန်းတူအခွင့်အရေးရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ရွာတွင်းကျောက်ချောလမ်း(၁၈၀၀'×၁၂')	၁	Â				
၂	ကျေးရွာကုန်ထုတ်လမ်း	၂		Â			
၃	အားကစားကွင်း	၃			Â		
၄	ယင်လုံအိမ်သာ	၄				Â	
၅	ကျေးရွာခန်းမဆောင်	၅					Â

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၅	၁၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၂	၃၉	၈၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၃	၅၀	၁၁၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၀	၅၃	၁၁၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၈၉	၂၆၄	၅၅၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၁	၁၇	၂၈
စုစုပေါင်း		**၄၇၂**	**၄၂၈**	**၉၀၀**
စုစုပေါင်း အိမ်ထောင်စု		**၁၆၅**		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာအတွင်း နေထိုင်ကြသည့် ရွာသူရွာသားများသည် ရွှေပြောင်းလာသည့် အိမ်ထောင်စုများရှိပြီး အိမ်ထောင်စုစာရင်း မပြည့်စုံခြင်း၊ မွေးတိုးစာရင်းများ မသွင်းခြင်း စသည့်အရာများတွေ့ရှိရပါသည်။ ပညာရေးအားနည်းမှုများလည်း တွေ့ရှိရပါသည်။

.

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၁၄၄.၅၇	သင့်	ရ	ချောင်း
ယာမြေ	၄၀၅	သင့်		
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
ပလပ်မြေ	၄၃	ကောင်း		
သစ်တောမြေ				
စုစုပေါင်း	၅၉၂.၅၇			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေး အတွက်ချောင်းရေကို အသုံးပြုရပါသည်။ မျိုးကောင်းမျိုးသန့်ရရှိမှုနည်းခြင်း၊ ခါတ်မြေဩဇာသုံးစွဲ ရခြင်း၊ စိုက်ပျိုးစရိတ်များခြင်း စသည့်အခက်အခဲများ တွေ့ရှိရပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်		
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)		
ပျမ်းမျှအပူချိန် –	ပျမ်းမျှ မိုးရေချိန် –	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။

။.....

.....

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
၁	ဓမ္မပညာ	၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကလေးများစာရိတ္တ၊လူမှုပေါင်းသင်း ဆက်ဆံရေး၊ ဘာသာရေးကိုင်းရှိုင်း ရန် အပတ်စဉ် သင်ပေးပါသည်။
၂	သမဝါ ယမ	၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	(၆)လတစ်ကြိမ် ပုံမှန် ငွေသား ထုတ်ချေးပေးပါသည်။
၃	အမျိုးသမီး ကွန်ယက်	၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကျား-မ ကိစ္စရပ်ဆိုင်ရာ ၊ GBV လွှဲပြောင်းညွှန်းပို့မှုလမ်းကြောင်း ဆိုင်ရာအမြင်ဖွင့် သင်တန်းပေးခြင်း
၄	ပိန်းဆာ ဌာနေ ပြည်သူ့စစ်	၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး Â	မူးယစ်ဆေးတိုက်ဖျက်ခြင်း၊ ရေပူစစ်ဆေးရေးဂိတ်၌ အခြေပြု လုံခြုံမှုပေးခြင်း၊ ကျေးရွာတွင်းလုံခြုံရေးပေးခြင်း
၅		၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၆		၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၇		၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။သမဝါယမအသင်းသည် ခြောက်လတစ်ကြိမ် ငွေထုတ်ချေးပေးသော်လည်း ငွေသားပြန်သွင်းသည့်အခါသီးနှံပေါ်ချိန် မဟုတ်သည့်အတွက် ခက်ခဲမှုရှိကြောင်းတွေ့ရသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အုပ်ချုပ်ရေးနှင့် ဘာသာရေးပူးပေါင်းဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။ လားဟူယဉ်ကျေးမှုအဖွဲ့သည်လည်း မိမိရိုးရာမပျက်စီးရန် ယဉ်ကျေးမှုထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ဆောင်နေကြောင်းတွေ့ရှိရသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၄	၆၄	၃၁	၅၆
အိမ်အခြေအနေ				
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း				
အိမ်ထောင်စု				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာတွင်းနေထိုင်သူများသည် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်စားသောက်ကြသူများဖြစ်သည်။ စိုက်ပျိုးရေး လုပ်ဆောင်ရာ၌ ရေမလုံလောက်ခြင်း၊ ကုန်ထုတ်လမ်းခက်ခဲခြင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုမရှိခြင်း စသည့်အခက်အခဲများရှိကြောင်းတွေ့ရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၆		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၃၁		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၃၈		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂၆		အလယ်အလတ်စားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
	(၅ဟတ်တာထိ)			
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၁၄		တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၁၆၅**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။မြေယာပိုင်ဆိုင်မှု နည်းပါးခြင်း ၊ ရွှေ့ပြောင်းနေထိုင်လာခြင်းကြောင့် မြေယာမဲ့ရှိနေကြောင်း တွေ့ရသည်။ စိုက်ပျိုးမြေများသည် ပုံစံ(၇) လက်ဝယ်ပိုင်ဆိုင်ထားခြင်း မရှိကြောင်းတွေ့ရသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၁	စော	၄	၈	၅	
ပြောင်း	၁	အိတ်	၂၀	၅၀	၃၀	
ကြေ	၁	တန်	၁၅	၃၀	၂၅	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရာတွင် နည်းပညာများရရှိခြင်း ၊ မျိုးကောင်းမျိုးသန့် ရရှိခြင်းနှင့် လယ်ယာသုံးပစ္စည်းကိရိယာများ သုံးစွဲရခြင်းကြောင့် အချိန်မီစိုက်ပျိုးနိုင်သောကြောင့် စပါးအထွက်တိုးခြင်းများရှိကြောင်း တွေ့ရသည်။ ဓါတ်မြေဩဇာများ ထည့်သွင်းသုံးစွဲရခြင်းကြောင့် မြေဆီဩဇာများ ပျက်စီးကြောင်းတွေ့ရသည်။ ပြောင်းနှင့်ကြေစိုက်ခြင်း၌ ဓါတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲရခြင်းကြောင့် သဘာဝမြေဆီဩဇာများ ပျက်စီးကြောင်း တွေ့ရသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁	၃
နို့စားနွား		
ကျွဲ	၄၉	၅၉
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၁၁၉	၂၈၈
ကြက်	၁၃၀	၁၆၃၃
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းမွေးမြူရေးလုပ်ငန်းသည် အဓိကအားဖြင့် ကြက်၊ဝက် ကိုသာမွေးမြူကြပြီး စီးပွားဖြစ်မဟုတ်ဘဲ ရိုးရာမွေးမြူခြင်းဖြင့်သာ မွေးမြူကြကြောင်းတွေ့ရသည်။ နွေရာသီရောက်တိုင်း ကြက်ရောဂါကျရောက်သေဆုံးခြင်း အခက်ခဲရှိကြောင်းတွေ့ရသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း				

၂	ထုတ်ကုန်လုပ်ငန်း	၁	၁	၁	
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး		၁	၁	
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး				
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး		၁၀		လတ်
၁၃	ကျန်းမာရေး		၂		လတ်
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းနေထိုင်သော ရွာသူ/သားများ၏ ကိုယ်ပိုင်လုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး လူမှုရေး၊ပညာရေး၊ကျန်းမာရေးလုပ်ငန်းများ၌ အားနည်းကြောင်းလေ့လာတွေ့ ရှိရသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	စံလောင်းဈေး	သိန္နီဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် □ ၁ မှ ၅ မိုင် Â ၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင် Â၁၀ မှ ၂၀ မိုင် □ ၂၁ မှ ၃၀ မိုင် □ ၃၀မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □ ၁၀၀မိုင်အထက် □
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် Â ကား/ထော်လာဂျီ □ ရထား □ သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် Â ကား/ထော်လာဂျီ □ ရထား □ သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း၌ အိမ်ထောင်စုများသည် ကျေးရွာဈေးကွက် မရှိသောကြောင့်ကြုံရာဝယ်ယူစားသောက်သောကြောင့် မိသားစုဝင်ငွေထိခိုက်ခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း စသည့်အခက်အခဲများတွေ့ရှိရသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် Â ညံ့ □	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံးÂ	၀–၁ မိုင် □ ၁–၅ မိုင် □ ၅–၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□ ၂□ ၃□ ၉၄□ ၅□	ကောင်း□ သင့် □ ညံ့ □	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး□	၀–၁ မိုင် □ ၁–၅ မိုင် □ ၅–၁၀ မိုင် □ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□ ၂□ ၃□ ၄□ ၅Â	ကောင်းÂ သင့် □ ညံ့ □	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံးÂ	၀–၁ မိုင် □ ၁–၅ မိုင် Â ၅–၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရွာသွန်းသောအခါ ရွံ့ဗွက်များ၊ ရေဝပ်သောနေရာများ၊ ချိုင့်ခွက်များရှိကြောင်း တွေ့ရသည်။ ကလေးများ ကျောင်းသွား/ပြန် အခက်အခဲရှိကြောင်းတွေ့ရသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ 28

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်				၁၇၀	၁	၁၈			

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း၌ မော်တော်ဆိုင်ကယ်နှင့် ထော်လာကျီကိုသာ အသုံးပြုကြောင်းတွေ့ရသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၈၅
ဆိုလာစနစ်	၇၁
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	

ရင်းမြစ်	အိမ်ထောင်စု
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။

။ကျေးရွာအတွင်း၌မဟာဓါတ်အားလိုင်းနှင့်ဆိုလာကိုသာအသုံးပြုကြောင်းတွေ့ရှိရသည်။မဟာဓါတ်အားလိုင်းမီတာခသည်အဆမတန်တိုးလာခြင်းရှိကြောင်းတွေ့ရသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၈၄	၃၃	၈၃

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း တာဝါတိုင်တည်ရှိသောကြောင့် ဆက်သွယ်ရေးကောင်းမွန်ကြောင်းတွေ့ရသည်။ ဒေတာလိုင်းများသုံးစွဲခြင်း ၊ စလောင်းများထွက်ပေါ်လာခြင်းကြောင့်ရေဒီယိုနားထောင်မှု အားနည်းလာကြောင်းတွေ့ရသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၇၀	၅၈	၁၂၈
အလယ်တန်း	၃၆	၂၉	၆၅
အထက်တန်း	၆	၁၀	၁၆
တက္ကသိုလ်/ကောလိပ်	၉	၇	၁၆

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။နိုင်ငံတော်မှ အသိအမှတ်ပြုထားသော စာသင်ကျောင်း၊ တက္ကသိုလ်/ကောလိပ်များတွင် ပညာတက်ရောက်သင်ကြားခံယူရသူများဖြစ်သည်။ မူလတန်းနှင့် အလယ်တန်းတက်ရောက်နေသော ကျောင်းသူ/သားများသော်လည်း အထက်တန်းနှင့်တက္ကသိုလ်/ကောလိပ်တက်ရောက်နေသော ကျောင်းသူ/သားများနည်းကြောင်း တွေ့ရသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း □ မူလွန် Â အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □			မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □			မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် Â ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	ပင်မဆောင်-၄၈၀၀ အဆောင်သစ်- ၂၇၀၀								
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်Â်ည့်□			ကောင်း□ သင့်□ည့်□			ကောင်း□ သင့်□ည့်□		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်Â မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် Â ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်Â တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၁	၁၁	၁၂						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအား လုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း စာသင်ကျောင်းရှိသော်လည်း ကျောင်းဝင်းကစားကွင်း မရှိခြင်းအခက်အခဲရှိကြောင်း တွေ့ရသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံနှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်□	နိမ့်Â	မရှိ□
၂	သွေးလွန်တုပ်ကွေး	မြင့်□	နိမ့်Â	မရှိ□
၃	ငှက်ဖျား	မြင့်□	နိမ့်Â	မရှိ□
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်□	မရှိÂ
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်Â	မရှိ□

#	ရောဂါ	ပျံနှံ့မှု/ဖြစ်ပွားမှု		
၆	တီဘီ	မြင့်□	နိမ့်Â	မရှိ□
၇	ဆီးချို	မြင့်□	နိမ့်Â	မရှိ□
၈	သွေးတိုး	မြင့်Â	နိမ့်□	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့်□	မရှိÂ
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်Â	မရှိ□
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့်Â	မရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိခြင်းကြောင့် ကျန်းမာရေးနှင့် ပတ်သက်သော ဗဟုသုတရရှိပြီး ရောဂါဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရှိရသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း:** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	Â	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	Â	
၃	ပိုလီယိုရောဂါ	Â	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	Â	
၅	ဝက်သက်ရောဂါ	Â	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	Â	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	Â	
၈	အာဟာရ ပညာပေး အစီအစဉ်	Â	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။လစဉ်လဆန်း(၁)ရက်နေ့တွင် ကာကွယ်ဆေးထိုးနှံပေးခြင်း၊ စုပေါင်းကာကွယ်ဆေးထိုးနှံမှုကို စီမံချက်ရှိသည့်အတိုင်း ထိုးနှံပေးခြင်း၊ အာဟာရမှတ်တမ်းယူမှုကို (၁)လတွင်(၁)ရွာကွင်းဆင်းယူခြင်း ၊ အာဟာရပညာပေးအစီအစဉ်ကို နေ့စဉ်ပြုလုပ်ပေးခြင်းရှိကြောင်းတွေ့ရသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ Â
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် □	ရှိ Â

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
	၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် Â ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	မရှိ □
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် Â ၁၀ မိုင်အထက် □	ရှိ Â မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးလက်ဆေးပေးခန်း၌ ကိုယ်ဝန်ဆောင်သံဓါတ်အားတိုးဆေးနှင့် ကာကွယ်ဆေးများ အထောက်အပံ့ရရှိကြောင်း၊ အခန်း/ကုတင်များ လုံလောက်မှုမရှိကြောင်း တွေ့ရသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု(မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၁	ကောင်း□ သင့်□ ညံ့Â	မိုး ၊ ဆောင်း
အဝိစိတွင်း/ စက်တပ်	၁၅၅	ကောင်း□ သင့်Âညံ့□	နွေ ၊ မိုး ၊ ဆောင်း
အဝိစိတွင်း/ တုံကင်		ကောင်း□ သင့်□ ညံ့□	
မိုးရေ သိုလှောင်ကန်		ကောင်း□ သင့်□ ညံ့□	
မြစ်/ချောင်းရေ		ကောင်း□ သင့်□ ညံ့□	
ရေကန်		ကောင်း□ သင့်□ ညံ့□	
စိမ့်စမ်းရေ	၃၈	ကောင်း□ သင့်Âညံ့□	မိုး ၊ ဆောင်း ၊ နွေ

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု အသင့်အတင့်ရှိပြီး အဝိစိတွင်းရေကို သုံးစွဲနေရသော်လည်း ကိုယ်ပိုင်တွင်းနည်းပြီး အများပိုင်တွင်းရေကိုသာ သုံးစွဲနေရကြောင်းတွေ့ရ

သည်။ အိမ်ထောင်အများစုသည် အိမ်တိုင်ရာရောက်ရေပိုက်များ သွယ်ယူပြီး ရေရရှိသော်လည်း တစ်ခါတစ်ရံ စက်ချို့ယွင်းမှုကြောင့် ရေမရရှိခြင်းကိုလည်း တွေ့ရသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၁၆၁
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း အိမ်သာသန့်ရှင်းမှုတွင် အသင့်အတင့်ရှိပြီး ရေလောင်းအိမ်သာကိုသာ အသုံးပြုလျက်ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှလည်း အိမ်သာမှ ကူးစက်တတ်သောရောဂါအကြောင်းအရာနှင့် ပတ်သက်၍ အိမ်တိုင်ရာရောက်စစ်ဆေးပြီး ပညာပေး ဟောပြောခြင်းများ ပြုလုပ်ပေးနေကြောင့်တွေ့ရပါသည်။

(၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	အခြားနိုင်ငံသို့အလုပ်သွားလုပ်ခြင်းကြောင့် ခေါင်းပုံဖြတ်ခံရနိုင်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	
၃	ရေကြီးခြင်း	
၄	မိုးခေါင်ခြင်း	
၅	အအေးလွန်ကဲခြင်း	
၆	မုန်တိုင်း	
၇	ငလျင်	
၈	မီးဘေး	
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	
၁၂	ငှက်ဖျားရောဂါ	
၁၃	တီဘီရောဂါ	

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	ကြက်ရောဂါကျရောက်၍သေဆုံးခြင်းရှိ
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။နှစ်စဉ်နွေရာသီရောက်တိုင်းတွင် ကြက်ရောဂါကျရောက်ပြီး သေဆုံးနေကြောင်းတွေ့ရသည်။ ကျေးရွာတွင်း သစ်ပင်၊သစ်တောများ ပျက်စီးခြင်းကြောင့် ရာသီဥတုပူပြင်းလာကြောင်းတွေ့ရသည်။ အချို့သောမိသားစုများ စိုက်ပျိုးမြေမရှိခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံသဖြင့် အခြားနိုင်ငံသို့သွားရောက် အလုပ်လုပ်နေခြင်းကို လေ့လာတွေ့ရှိရသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	မြင့်	ဓါတ်မြေသြဇာသုံးစွဲရခြင်း
အပင်မျိုးစိတ်များ	လတ်	
ရေအရင်းအမြစ်	နိမ့်	
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း နေထိုင်ကြသော ရွာသူရွာသားများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၌ အားနည်းကြောင်းတွေ့ရသည်။ သစ်ပင်များ မဆင်မခြင် ခုတ်ထွင်မှုကြောင့် ရာသီဥတုပုံမှန်မဟုတ်ဘဲ အလွန်ပူခြင်း ၊ အလွန်အေးခြင်းနှင့် မိုးရွာသောအခါ လေးငါးရက်ဆက်တိုက်ရွာသွန်းခြင်းကိုလည်း လေ့လာတွေ့ရှိရသည်။ ရွှေ့ပြောင်းတောင်ယာနှင့် မီးသွေးဖုတ်ခြင်းတို့ကြောင့်လည်း သဘာဝအရင်းအမြစ်များ ပြုန်းတီးခြင်းကိုလည်း လေ့လာတွေ့ရှိရသည်။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ □	မရှိ Â
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ Â	မရှိ □

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် အမျိုးသားများက ဦးဆောင်ဆောင်ရွက်နေကြသည်။ အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှုလုပ်ငန်းများတွင်သာ အချိန်ကုန်နေကြသည်။ ကျေးရွာ၏အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုပိုင်းတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းနေကြောင်းတွေ့ရသည်။ ဘာသာရေးနှင့် လူမှုရေးဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှုရှိကြောင်း တွေ့ရသည်။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	မိုးရာသီတွင် ကျေးရွာတွင်းလမ်းများသွားလာရန်ခက်ခဲခြင်း	ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်နေခြင်း	- လုပ်သားအင်အားရှိခြင်း	- ရန်ပုံငွေလုံလောက်မှုမရှိခြင်း	- သက်ဆိုင်ရာဌာနအား တင်ပြတောင်းခံပြီး ကျေးရွာမှ ဝိုင်းဝန်းဆောင်ရွက်ခြင်း	- ကျေးရွာတွင်းလမ်း ကျောက်ခြောခင်းခြင်း
၂	ကျေးရွာမှ လယ်ယာသို့ သွားသောလမ်းများမှာ ကျဉ်းမြောင်းခြင်း	မြေကွက်များအားစနစ်ကျစွာ ထားရှိခြင်းမရှိခြင်း	- ကျေးရွာရန်ပုံငွေရှိခြင်း - လုပ်သားအင်အားရှိခြင်း	- ရန်ပုံငွေလုံလောက်မှုမရှိခြင်း	- ကျေးရွာသူ/သားများအား နားလည်သဘောပေါက်စေ ဝင်ရှင်းပြ၍ ရန်ပုံငွေကောက်ခံခြင်း - သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း	- ကျေးရွာကုန်ထုတ်လမ်း
၃	ကျေးရွာရှိလူငယ်များ အားကစားလိုက်စားမှု နည်းပါးခြင်း	- လူငယ်များအတွက် အားကစားပြုလုပ်ရန် နေရာမရှိခြင်း	- လူငယ်များအားထိန်းကျောင်းပေးမည့် ရပ်ရွာအဖွဲ့ဝင်များရှိခြင်း	-	- လူငယ်များအတွက် အပန်းဖြေနေရာများတည်ဆောက်ခြင်း	- ဘောလုံးကွင်းတည်ဆောက်ခြင်း
၄	ကျောင်းတွင် ယင်လုံအိမ်သာလုံလောက်မှုမရှိခြင်း	- ယင်လုံအိမ်သာများ ပျက်စီးနေခြင်း	မြေနေရာရှိခြင်း	- ရန်ပုံငွေလုံလောက်မှုမရှိခြင်း	- ကျေးရွာသူ/သားများအား နားလည်သဘောပေါက်စေ ဝင်ရှင်းပြ၍ ရန်ပုံငွေကောက်ခံခြင်း	- ယင်လုံအိမ်သာတည်ဆောက်ခြင်း

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	အစည်းအဝေးပြုလုပ်ရာတွင် လူစုရန်အခက်အခဲရှိခြင်း	- အစည်းအဝေးပြုလုပ်ရန် ကျယ်ဝန်းသောနေရာမရှိခြင်း	မြေနေရာနှင့် လုပ်သားအင်အားရှိခြင်း	- ငွေကြေးမလုံလောက်ခြင်း	- သက်ဆိုင်ရာဌာနအား တင်ပြတောင်းခံပြီး ကျေးရွာမှ ဝိုင်းဝန်းဆောင်ရွက်ခြင်း	- ကျေးရွာခန်းမတည်ဆောက်ရန်

နောက်ဆက်တွဲ(၃)

ဝိန်းဆာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးကျော်မိုးလှိုင်	ဦးကျာလော	၁၃/သနန(နိုင်)၀၄၂၇၃	၂၈	ဥက္ကဋ္ဌ	၀၉-၄၅၁၅၁၀၇၄၀
၂။	ဦးမောင်မောင်	ဦးယောရှု	၁၃/သနန(နိုင်)၀၄၀၅၈၀	၂၉	အတွင်းရေးမှူး	၀၉-၉၇၁၇၃၅၄၃
၃။	ဦးစိန်ဝင်းဦး	ဦးရွှေလှ	၁၃/သနန(နိုင်)၀၂၅၈၂၇	၃၅	ဘဏ္ဍာရေးမှူး	၀၉-၂၅၁၃၆၄၈၀၅
၄။	ဒေါ်ဒီးစိန်	ဦးယောန	၁၃/သနန(နိုင်)၀၃၃၇၅၈	၃၅	စာရင်းကိုင်	၀၉-၄၀၁၃၀၂၁၀၉
၅။	ဦးကျာနူး	ဦးကျာဘို	၁၂/မဘန(နိုင်)၁၅၇၉၄၈	၂၈	သေ့ကိုင်	၀၉-၂၅၁၃၇၉၀၀၂
၆။	ဒေါ်အဲစိန်	ဦးကျာဝ	၁၃/သနန(နိုင်)၀၃၃၈၁၄	၃၃	သေ့ကိုင်	၀၉-၂၆၅၂၅၉၇၀၇
၇။	ဦးဂျိုးဇက်	ဦးပေတဂု	၁၃/သနန(နိုင်)၀၅၄၅၁၅	၂၈	အဖွဲ့ဝင်	၀၉-၄၅၉၃၈၈၂၀၅